# အမျိုးသမီးများအဖွဲ့ ချုပ် [မြန်မာနိုင်ငံ]

# Women's League of Burma

**အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ**

**ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်တွင် အမျိုးသမီး ကိုယ်စားပြုမှုများ ပိုမိုပါဝင်စေရေး တိုက်တွန်းတောင်းဆိုချက်**

**၂၀၁၂ ခုနှစ်၊ မေလ ၁၅ ရက်နေ့**

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး လုပ်ငန်းဖော်ဆောင်ရေးကော်မတီ ပြန်လည်ဖွဲ့စည်းရာတွင် တိုင်းရင်းသား ကိုယ်စားပြု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမျိုးသမီး (၂) ဦး ပါဝင်လာမှုအပေါ် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)မှ ကြိုဆို သည်။ တပြိုင်တည်းတွင် မြန်မာနိုင်ငံ ငြိမ်းချမ်းရေး တည်ဆောက်မှုဖြစ်စဉ် မှန်ကန်တည့် မတ်စေရန်နှင့် ရေရှည်ခိုင်မြဲသည့် ပြည်လုံးကျွတ် အတိုင်းအတာဆောင်သည့် ငြိမ်းချမ်းရေးဖေါ်ဆောင်မှုကို အစ ပျိုးနိုင်ရေးအတွက် အမျိုးသမီးကိုယ်စားပြုမှုကို ဦးသိန်းစိန်အစိုးရမှ ယခုထက်ပို၍ အလေးအနက်ထား ထည့် သွင်းစဉ်းစားပေးရန် လိုအပ်သည်။

ထို့အပြင် စစ်မှန်သည့် ဒီမိုကရေစီနှင့် ထာဝရငြိမ်းချမ်းမည့် မြန်မာ့လူ့ဘောင်တရပ်အတွက် အဓိကအရေးပါသည့် တရားဥပဒေစိုးမိုးရေးနှင့် ၂၀၀၈ ဖွဲ့စည်းပုံ ဥပဒေပြုပြင်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်နေသော လူထုခေါင်း ဆောင် ဒေါ်အောင်ဆန်းစုကြည်၏ အရေးကြီးသောအခန်းကဏ္ဍကို အသိအမှတ်ပြုလျှက် ယခု ဦးသိန်းစိန်အစိုးရ၏ ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်တွင် ဒေါ်အောင်ဆန်းစုကြည်အား ဦးဆောင်မှုအခန်းကဏ္ဍမှ ပါဝင် ဆောင်ရွက်နိုင်ရေးကိုလည်း အထူးတောင်းဆိုသည်။

ဦးသိန်းစိန်အစိုးရအနေနှင့်ဖြစ်စေ၊ တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများအနေနှင့်ဖြစ်စေ ရေရှည်ခိုင်မြဲမည့် ပြည်လုံး ကျွတ်ငြိမ်းချမ်းရေးဖြစ်စဉ်တခု အစပျိုးနိုင်ရေးကို ဦးတည်မည်ဆိုပါက ကချင်နှင့်ရှမ်း စသည့်နယ်မြေများ တွင် ဆက်လက်ဖြစ်ပွါးနေသော ထိုးစစ်များ ရပ်ဆိုင်းစေရေးအတွက် အလေးထားပိုင်းဝန်းလုပ်ဆောင်ရန် လိုအပ် နေသေးသည်။ တတိုင်းပြည်လုံးအတိုင်းအတာဆောင်သည့် အပစ်အခတ်ရပ်စဲရေးကို မဖေါ်ဆောင်နိုင်ပါက တိုင်း ရင်းသား လက်နက်ကိုင် အင်အားစုများနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရထားသော အခြေအနေမှ တက် လှမ်း၍ ပြန်လည်သင့်မြတ်ရေး လမ်းကြောင်းကို ဦးတည်နိုင်မည်မဟုတ်သည့်အပြင် နောက်ကြောင်းပြန် ပြည်တွင်း စစ်မီး ဆက်လက် ဖြစ်ပွါးလာမည်ကိုလည်း အထူးစိုးရိမ်သည်။

ယခုကာလသည် တိုင်းရင်းသားပေါင်းစုံ ပြည်သူတစ်ရပ်လုံးအတွက် ရေရှည်ခိုင်မြဲမည့် ငြိမ်းချမ်းရေးတည်ဆောက် မှုဖြစ်စဉ်ကို ရှေ့ရှုဆောင်ရွက်သင့်သည့် ကာလဖြစ်သည်နှင့်အညီ ထိုသို့ဆောင်ရွက်ရာ၌လည်း ကမ္ဘာ့ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် (၁၃၂၅) တွင် ပဋိပက္ခများမဖြစ်အောင် လုပ်ဆောင်ခြင်း၊ စီမံခြင်းနှင့် ပဋိပက္ခဖြေရှင်းခြင်းကိစ္စများတွင် အမျိုးသမီးများ၏ အတွေးအမြင်၊ သဘောထားများ ထည့်သွင်းပါဝင်စေမှု၊ အမျိုး သမီးကိုယ်စားလှယ်များ ပိုမိုပါဝင်စေမှုကို မဖြစ်မနေ ထည့်သွင်းစဉ်းစားသွားရန် လိုအပ်သည်။

စီဒေါ သဘောတူညီချက်တွင် ပဋိပက္ခဖြေရှင်းခြင်းအပါအဝင် ငြိမ်ချမ်းရေးဆွေးနွေးမှုများ၊ ပေါ်လစီချမှတ်ခြင်းနှင့် အကောင်အထည်ဖေါ်မှုစသည့် နိုင်ငံရေးဖြစ်စဉ်အဆင့်ဆင့်တွင် အမျိုးသမီးများ အပြည့်အဝပါဝင်စေမှုကို သေချာ စွာ လုပ်ဆောင်ပေးရန် အစိုးရက တာဝန်ရှိကြောင်းထောက်ပြထားသည်။ သို့ဖြစ်ရာ စီဒေါ သဘောတူညီချက်ကို မြန်မာနိုင်ငံက သဘောတူလက်မှတ်ရေးထိုးထားသည့်အလျောက် ဦးသိန်းစိန်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးတည် ဆောက်မှု လုပ်ငန်းစဉ်အဆင့်ဆင့်တွင် အမျိုးသမီးများ အပြည့်အဝပါဝင်လာမှုသေချာစေရေး လုပ်ဆောင်ပေးရန် တာဝန်ကို အကောင်အထည်ဖေါ်ရန် မိမိ တို့အဖွဲ့ချုပ်မှ တောင်းဆိုသည်။

P.O Box. 413 G P O  Chiang Mai 50000 Thailand    wlb@womenofburma.org    www.womenofburma.org

ထို့အပြင် ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် (၁၃၂၅) ၏ အဓိက အနှစ်သာရဖြစ်သော ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်တွင် အမျိုးသမီးများပါဝင်လာစေရေး၊ စစ်ပွဲပဋိပက္ခများအတွင်း ထိခိုက်နစ်နာမှုများကို အများဆုံးခံစားကြရသော အမျိုးသမီးနှင့် ကလေးသူငယ်များ၏ဘဝအတွက် တားဆီးကာကွယ်ခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ကိစ္စရပ်များကိုပါ အလေးပေးထည့်သွင်းစဉ်းစား ဆောင်ရွက်လာနိုင်စေရန် ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာအသိုင်း အဝိုင်းနှင့် ပြည်သူတစ်ရပ်လုံးမှလည်း ဦးသိန်းစိန်အစိုးရနှင့် သက်ဆိုင်ရာ အင်အားစုများအား တိုက်တွန်းပေးကြပါရန် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)မှ အလေးအနက် တောင်းဆိုလိုက်သည်။

ဆက်သွယ်ရန် -
နန်းဆိုင်နောင့် - + ၆၆ (၀) ၈၁ ၈၈၄ ၄၉၆၃
ဒေါ်တင်တင်ညို - + ၆၆ (၀) ၈၁ ၁၃၂၂ ၈၈၂
စောစံငြိမ်းသူ - + ၆၆ (၀) ၈၀ ၇၉၂၀ ၄၄၅